နောက်ဆက်တွဲ (က)

**သရက်ချောင်းမြို့နယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သရက်ချောင်းမြို့နယ်၊ မင်းဒပ်ကျေးရွာတွင်လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးရေးစီမံကိန်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သရက်ချောင်းမြို့နယ်တွင် လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးရေးလုပ်ငန်းစီမံကိန်းအတွက် ၂၁-၉-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ဖ၇၀၄/ ခအဖ(ထွေ)/ ၂၀၁၆ ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဂျပန်နိုင်ငံချေးငွေအကူအညီဖြင့် ဆောင်ရွက်မည့် ဆင်းရဲမှုလျော့ချရေးအတွက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင်ပါဝင်ပြီး သရက်ချောင်းမြို့နယ်၊ မင်းဒပ်ကျေးရွာတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပြုစီမံကိန်းတွင် ၃၃ / ၁၁ ကေဗွီ (၁၀) အမ်ဗွီအေ ဓာတ်အားခွဲရုံ (၁) ခုတည်ဆောက်ခြင်းနှင့် (၂၀) မိုင်အရှည်ရှိသည့် (၃၃) ကေဗွီ ဓာတ်အားလိုင်း (၁) လိုင်းတည်ဆောက်ခြင်းတို့ပါဝင်ပါသည်။

၄။ **ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်းများ။** စီမံကိန်းတည်ဆောက်ရာတွင် ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ တာဝါတိုင်တည်ဆောက်ခြင်း၊ တာဝါတိုင်သွယ်ယူမည့်ယာဉ်များအသုံးပြုခြင်း၊ ဓာတ်အားလိုင်းကြိုးများသွယ်တန်းခြင်း၊ စိုက်ပျိုးမြေများနှင့်သစ်တောမြေများ တစ်လျှောက်တွင် ချဉ်းကပ်လမ်းများဖောက်လုပ်ခြင်းတို့ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** အဆိုပြုစီမံကိန်းသည် မင်းဒပ်ကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် တည်ရှိပါသည်။

